## အီးယူနိုင်ငံ၏ သစ်သီးဝလံတင်သွင်းမှုအခြေအနေများအား လေ့လာတင်ပြခြင်း

## (မူရင်း ဦးကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ ဘရပ်ဆဲလ်မြို့)

### အီးယူ၏ ဖရဲ/သခွားတင်သွင်းမှုအခြေအနေ

၁။ အီးယူ၏ ဖရဲ/သခွားစားသုံးမှုစာရင်းများအရ နှစ်စဉ် ဖရဲ (Watermelon) တန်ချိန်(၃) သန်းခန့် စားသုံးမှုရှိပြီး၊ ပိုက်ကွက်သခွားမွှေးကဲ့သို့သော အခြား ဖရဲ/သခွား (melons) အမျိုးအစားများကိုမူ တန်ချိန်(၂)သန်းကျော်ခန့် စားသုံးမှုရှိကြောင်း သိရှိရပါသည်။ စားသုံးသည့် ဖရဲသီး အမျိုးအစားအားလုံး၏ (၁၀)ရာခိုင်နှုန်းမှ (၁၅)ရာခိုင်နှုန်းအကြား ပမာဏကို ဖွံ့ဖြိုးဆဲ နိုင်ငံများမှ အဓိကတင်သွင်းခြင်းဖြစ်ပါသည်။ အီးယူနိုင်ငံများ၏ ဖရဲ/သခွား တင်သွင်းမှုသည် တိုးတက်လျက်ရှိပြီး အဓိကတင်သွင်းသည့်နိုင်ငံများမှာ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီ၊ ပိုလန်နှင့် ချက်သမ္မတနိုင်ငံတို့ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် အီးယူနိုင်ငံ၏ ဖရဲသီးတင်သွင်းမှုတန်ဖိုး ယူရို (၉၅)သန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် တင်သွင်းမှုတန်ဖိုး ယူရို(၂၃၃)သန်းသို့ တိုးတက်ခဲ့သည်ကို တွေ့ရပါသည်။ ပိုက်ကွက်သခွားမွှေးကဲ့သို့သော အခြား ဖရဲ/သခွား (melons) အမျိုးအစားများ တင်သွင်းမှုတွင်လည်း တိုးတက်ခဲ့ပြီး၊ ၂၀၁၃ခုနှစ်တွင် ယူရို (၃၅၅)သန်းမှ ၂၀၁၇ ခုနှစ်တွင် ယူရို (၄၃၈)သန်းသို့ တိုးမြင့်တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

### အီးယူသို့ ဖရဲ/သခွား တင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ

၂။ အီးယူသို့ လတ်ဆတ်သစ်သီးဝလံတင်သွင်းရာတွင် အရေးကြီးသည့် လိုအပ်ချက်မှာ ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု ထိန်းချုပ်နိုင်ရေးဖြစ်ပါသည်။ ဥရောပသမဂ္ဂအနေဖြင့် အစားအစာ ဘေးကင်းလုံခြုံမှု (Food Safety) အတွက် တင်သွင်းလာသည့် စားသောက်ကုန်များတွင် Pesticide Residue လျော့နည်းစေရေးအတွက် ဓါတ်ကြွင်းအမြင့်ဆုံးပါဝင်နိုင်မှုအဆင့် (Maximum Residue Levels-MRLs)များ သတ်မှတ်ထားပါသည်။ ဖရဲသီးနှင့်ပတ်သက်သည့် MRLsများကို ဥရောပသမဂ္ဂ၊ pesticide data ၏ https://ec.europa.eu/food/plant/pesticides/eu-pesticides-database/ public/?event=product.resultat&language=EN&selectedID=129 တွင်ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ MRLs သတ်မှတ်ချက်များသည် ကာလအလိုက် အပြောင်းအလဲရှိသည်ကို သတိပြုရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

### အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်များ

၃။ ဥရောပသမဂ္ဂတွင် ဖရဲ/သခွား အမျိုးအစားများဆိုင်ရာ ဈေးကွက်စံချိန်စံညွှန်း(marketing standards) နှင့် commercial quality control အပိုင်းတို့အတွက် လုပ်ထုံးလုပ်နည်း အမှတ် (EC)No.543/2011 ကို ထုတ်ပြန်ထားရှိပါသည်။ ယင်းတွင် ဖရဲသီးအတွက် United Nations Economic Commission for Europe (UNECE) ၏ ဈေးကွက်ဆိုင်ရာ စံချိန်စံညွှန်းများကို ရည်ညွှန်း

ထားခြင်းဖြစ်ကြောင်းသိရှိရပြီး၊ https://www.unece.org/fileadmin/DAM/trade/agr/standard/standard/fresh/FFV-Std/English/37Watermelons.pdf တွင် အသေးစိတ်ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

၄။ ယင်းတွင် ဖော်ပြထားသည့်အချက်များအရ ဖရဲသီး/သခွာသီး၏ လုံလောက်သည့် ရင့်မှည့်မှုရှိရန် လိုအပ်ချက်၊ အတန်းအစား(Extra Class, Class I, Class II) တို့ကိုလည်း ခွဲခြားထားကြောင်းသိရှိရပါသည်။ အီးယူဈေးကွက်သည် Class I အမျိုးအစား ဖရဲသီး/သခွားသီးကို ပိုမိုဝယ်လိုအားရှိပါသည်။ ဥပမာအားဖြင့် ဖရဲသီး/သခွားသီး Class အားလုံးအတွက် အနည်းဆုံးရှိရမည့် လိုအပ်ချက်များမှာ လတ်ဆတ်မှုရှိခြင်း၊ သန့်ရှင်းခြင်း၊ ပိုးမွှားကင်းစင်ခြင်း၊ ပိုးမွှားကြောင့်ဖြစ်သည့် အနာအဆာကင်းစင်ခြင်း စသည့်အချက်များကို ယေဘုယျအားဖြင့် လိုအပ်ပါကြောင်း သိရှိရပါသည်။

**အရွယ်အစားသတ်မှတ်ချက်**

၅။ ဖရဲ/သခွားများ၏ အရွယ်အစားကို တစ်လုံးလျှင်ရှိသည့် အလေးချိန်ဖြင့်တိုင်းတာ သတ်မှတ်ပါသည်။ ဥပမာအားဖြင့် Charentails, Galia နှင့် Ogen ဖရဲ/သခွားမျိုးများအတွက် အနည်းဆုံး အလေးချိန်သတ်မှတ်ချက်သည် ၂၅၀ ဂရမ် (သို့မဟုတ်) အချင်း (၇၀၅)စင်တီမီတာ ဖြစ်ကြောင်း၊ အခြားဖရဲ/သခွားသီးများအတွက် အလေးချိန်သတ်မှတ်ချက်မှာ ၃၀၀ဂရမ် (သို့မဟုတ်) အချင်း (၈)စင်တီမီတာဖြစ်ကြောင်း သိရှိရပါသည်။

**အီးယူ၏ သရက်သီးတင်သွင်းမှုအခြေအနေ**

၆။ အီးယူ၏ သရက်သီးတင်သွင်းမှုသည် တိုးတက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် တင်သွင်းမှု တန်ချိန်(၄)သိန်း နီးပါးသို့ တိုးတက်ခဲ့ကာ ၂၀၁၇ခုနှစ်၊ တင်သွင်းမှု ပမာဏထက် တန်ချိန်(၃၈,၀၀၀) ပိုမိုတင်သွင်းခဲ့ပါသည်။ အီးယူအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ နှစ်စဉ် သရက်သီးတင်သွင်းမှုမှာလည်း (၉)ရာခိုင်နှုန်းမှ (၁၃)ရာခိုင်နှုန်းအကြား တိုးတက်လျက်ရှိပြီး၊ ၂၀၁၄ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းမှုတန်ချိန်(၂၄၀,၀၀၀)ကျော်မှ ၂၀၁၈ ခုနှစ်တွင် တန်ချိန်(၃၇၀,၀၀၀)ကျော်သို့ တိုးတက်တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ အီးယူ၏ သရက်သီးကုန်သွယ်မှုသည် သရက်သီးစိုက်ပျိုးသည့် နိုင်ငံများ၏ အပူပိုင်းရာသီဥတုအပေါ်တွင် များစွာတည်မှီနေပြီး၊ သစ်သီးဝလံ အရည်အသွေး တိုးတက်လာမှုနှင့် ထုတ်လုပ်မှုတည်ငြိမ်မှုတို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အီးယူသို့ နှစ်စဉ် သရက်သီးတင်ပို့မှု တိုးတက်နှုန်းသည် တက်ရိပ်ပြသည့် အခြေအနေဖြစ်ပါကြောင်း သိရှိရပါသည်။

၇။ အီးယူတွင် သရက်သီး အဓိကတင်သွင်းသည့်နိုင်ငံများမှာ နယ်သာလန်၊ ဂျာမနီ၊ ဗြိတိန်၊ ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံများ ဖြစ်ကြပါသည်။ အီးယူ၏ သရက်သီးကုန်သွယ်မှုတွင် နယ်သာလန်နိုင်ငံသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး၊ ၂၀၁၈ ခုနှစ်တွင် သရက်သီး တန်ချိန် (၂)သိန်းကျော် တင်သွင်းခဲ့ပါသည်။ နယ်သာလန်နိုင်ငံသည် သရက်သီးတင်သွင်း၍ အီးယူသို့ ပြန်လည်

ဖြန့်ဖြူးခြင်းအပိုင်းတွင် အရေးပါသော အခန်းကဏ္ဍရှိနေပြီး အီးယူသို့တင်သွင်းသည့် သရက်သီးများ၏ (၅၅)ရာခိုင်နှုန်းခန့်သည် နယ်သာလန်နိုင်ငံသို့ တင်သွင်းခြင်းဖြစ်ပါသည်။ နယ်သာလန်နိုင်ငံသည် တင်သွင်းလာသည့် သရက်သီးများကို ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့သို့ အဓိက ပြန်လည်တင်ပို့ပါသည်။

**အီးယူသို့ သရက်သီးတင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ**

၈။ အီးယူသို့ သရက်သီးတင်သွင်းရာတွင် အဓိကထား၍ လိုက်နာရမည့် အချက်များမှာ ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု လျော့နည်းစေရေးနှင့် contaminants မဖြစ်ပေါ်စေရေးအချက်များ ဖြစ်ပါသည်။ ဖရဲသီးတင်သွင်းမှုကဲ့သို့ပင် Pesticide Residue လျော့နည်းစေရေး Maximum Residue Levels (MALs) များ သတ်မှတ်ထားပြီး၊ သရက်သီးအတွက် MALs သတ်မှတ်ချက်များကို pesticide data ၏ https://ec.europa.eu/food/plant/pesticides/eu-pesticides-database/public/?event=product.resultat&language=EN&selectedID=76 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

၉။ အသင့်စားသရက်သီးများအတွက် အဏုဇီဝဆိုင်ရာစံသတ်မှတ်ချက်များ (Microbiological Criteria) လည်းရှိပြီး၊ ဥပမာအားဖြင့် pre-cut fruit အတွက် E.coli contamination သည် 100 cfu/g အောက်ရှိရမည်ဖြစ်ကြောင်း သိရှိရပါသည်။ စားသောက်ကုန်များနှင့် စပ်လျဉ်းသည့် အဏုဇီဝဆိုင်ရာ စံသတ်မှတ်ချက်များအား https://eur-lex.europa.eu/legal.content/EN/TXT/?uri=CELEX:02005R2073-20140601 တွင် ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါကြောင်းသိရှိရပါသည်။

**Fruit Fly နှင့် စပ်လျဉ်းသည့် အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်**

၁၀။ သရက်သီးသည် Fruit Flies (Tephritidae) နှင့် ပတ်သက်၍ high risk ဖြစ်သည့် အသီးအနှံဖြစ်သဖြင့် အီးယူသို့ သရက်သီးတင်ပို့မှုအတွက် အပင်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်ပါရှိရန်နှင့် မတင်ပို့မီတွင် hydrothermal treatments လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည့် ဥရောပသမဂ္ဂ၏ Directive (EU) 2019/523 အရ သရက်သီးတင်သွင်းမှုအတွက် Phytosanitary Certificates ပူးတွဲပါရှိရန်လိုအပ်ပြီး၊ အဓိကအားဖြင့် သရက်သီးတွင် Tephritidae ကင်းစင်မှုရှိရန် လိုအပ်ကြောင်းသိရှိရပါသည်။

**အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်များ**

၁၁။ အီးယူသို့ တင်ပို့မည့် သရက်သီးများ၏ အရည်အသွေး၊ အရွယ်အစားနှင့် ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များကို United Nations Economic Commission for Europe (UNECE)၏ စံနှုန်းသတ်မှတ်ချက်များအား ကိုးကားအသုံးပြုထားပြီး ယင်းသတ်မှတ်ချက် အသေးစိတ်များကို https://www.unece.org/fileadmin/DAM/trade/agr/standard/ standard/fresh/

FFV-Std/English/45Mangoes.pdf တွင် ကြည့်ရှုနိုင်ပါသည်။ သရက်သီးအတွက် သတ်မှတ်ထားသည့် Codex Alimentarius Standard များကိုလည်း ကိုးကားအသုံးပြုနိုင်မည်ဖြစ်ပါသည်။

၁၂။ အီးယူ၏ ထောပတ်သီးတင်သွင်းမှုသည်လည်း ပမာဏအားဖြင့် တိုးတက်လျက်ရှိပြီး၊ ၂၀၁၈ခုနှစ်တွင် ထောပတ်သီးတန်ချိန် သန်းပေါင်း (၆၀၀)ကျော် တင်သွင်းခဲ့ရာ ၂၀၁၇ ခုနှစ်၊ တင်သွင်းမှုပမာဏထက် ၂၅ရာခိုင်နှုန်းခန့် ပိုမိုတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထောပတ်သီးသည် အီးယူတွင် လူကြိုက်ပိုများလာသည့် အသီးအနှံတစ်ခုဖြစ်ပြီး၊ တင်သွင်းမှုပမာဏ မြန်ဆန်စွာမြင့်တက်မှုကြောင့် ဈေးနှုန်းကျဆင်းမှုမှတစ်ဆင့် စားသုံးမှုပိုမိုမြင့်တက်လာသည့် သဘောမျိုးရှိကြောင်းလည်း ထောပတ်သီးဈေးကွက် လေ့လာသုံးသပ်ချက်များအရ သိရှိရပါသည်။ အီးယူတွင် ထောပတ်သီး အဓိကတင်သွင်းသည့်နိုင်ငံများမှာ နယ်သာလန်၊ ပြင်သစ်၊ စပိန်၊ ဗြိတိန်၊ ဂျာမနီနှင့် အီတလီနိုင်ငံများ ဖြစ်ကြပါသည်။ နယ်သာလန်နိုင်ငံသည် အီးယူ၏ ထောပတ်သီးကုန်သွယ်မှု ဗဟိုချက်အဖြစ် ဆောင်ရွက်ပြီး၊ အီးယူသို့ တင်သွင်းလာသည့် ထောပတ်သီးများ အားလုံး၏ ထက်ဝက်ပမာဏခန့်ကို တင်သွင်းပါသည်။ တင်သွင်းလာသည့် ထောပတ်သီးများကို အဓိကအားဖြင့် ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်နှင့် စကန်ဒီနေးဗီးယန်းနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ ထောပတ်သီးတင်သွင်းမှုမှာ တန်ချိန်(၂၅၈) သန်းကျော်ရှိပြီး၊ ပြင်သစ်နိုင်ငံသည် တန်ချိန် (၁၅၇)သန်းကျော်၊ စပိန်နိုင်ငံသည် တန်ချိန် (၁၂၉)သန်းကျော်၊ ဗြိတိန်နိုင်ငံသည် တန်ချိန် (၁၁၇)သန်းကျော်နှင့် ဂျာမနီနိုင်ငံသည် တန်ချိန်(၉၂)သန်းကျော် အသီးသီးတင်သွင်းခဲ့ကြောင်း စာရင်းဇယားများအရသိရှိရပါသည်။

**အီးယူသို့ ထောပတ်သီးတင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ**

၁၃။ အီးယူသို့ ထောပတ်သီးတင်သွင်းမှုအတွက် မဖြစ်မနေလိုက်နာရန် လိုအပ်သည့်အချက်များမှာ ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု ထိန်းချုပ်ရေးနှင့် contaminants မဖြစ်ပေါ်စေရေးအချက်များ ဖြစ်ပါသည်။ အခြားသစ်သီးဝလံများကဲ့သို့ပင် ထောပတ်သီးတွင် Pesticide Residue လျော့နည်းစေရေး Maximum Residue Levels (MRLs)များ သတ်မှတ်ပြီး၊ ထောပတ်သီးအတွက် MRLs သတ်မှတ်ချက်များကို https://ec.europa.eu/food/plant/pesticides/eu-pesticides-database/public/?event=product..resultat&language=EN&selectedID=74 တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

၁၄။ ထို့ပြင် ထောပတ်သီးတွင် Lead contamination ပါဝင်မှုသည် 0.10 mg/kg အောက်လျော့နည်းရန်လိုအပ်ပြီး၊ cadmiumသည် 0.050 mg/kg အောက်လျော့နည်းရမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။ စားသောက်ကုန်များတွင် contaminants အများဆုံးပါဝင်နိုင်မှု သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ https://webgate.ec.europa.eu/reqs/public/v1/requirement/auxi/eu/euheafocon annex r1881 2006.pdf/ တွင် အသေးစိတ်ရှာဖွေတွေ့ရှိနိုင်ပါသည်။ ထောပတ်

သီး များ ဥရောပသို့တင်သွင်းမှုအတွက် ဥရောပသမဂ္ဂ၏ Directive(EU)2019/532 အရ ချမှတ်ထားသည့် အပင်ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (phytosanitary regulations) ကိုလည်း လိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

**အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်**

၁၅။ အီးယူသို့တင်သွင်းမည့် ထောပတ်သီး၏ အရည်အသွေး၊ အရွယ်အစားနှင့် ထုပ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းများကို United Nations Economic Commission for Europe (UNECE) စံနှုန်း သတ်မှတ်ချက်များအား ကိုးကားအသုံးပြုထားပြီး အသေးစိတ်အချက်များကို https://www.unece.org/fileadmin/DAM/trade/agr/standard/standard/fresh/FFV-Std/English/42 Avocado.Pdf တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။ ထောပတ်သီးများအတွက်ကိုလည်း ကိုးကားအသုံးပြုနိုင်မည်ဖြစ်ပါသည်။

**အီးယူ၏ နာနတ်သီးတင်သွင်းမှု အခြေအနေ**

၁၆။ ၂၀၁၃ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း အီးယူ၏ နာနတ်သီးတင်သွင်းမှုသည် တည်ငြိမ်လျက်ရှိနေပြီး၊ ၂၀၁၇ခုနှစ်တွင် တင်သွင်းမှုတိုးတက်ခဲ့ကာ တန်ချိန်(၉၄၂)သန်း တင်သွင်းခဲ့ကြောင်း သိရပါသည်။ အီးယူဈေးကွက်သို့ နာနတ်သီးတင်သွင်းမှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အဓိကလွှမ်းမိုးထားပြီး၊ ၂၀၁၃ခုနှစ်တွင် တန်ဖိုးအားဖြင့် ယူရို(၇၅၂)သန်းဖိုး တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ဥရောပနိုင်ငံများအနက် နာနတ်သီး အဓိကတင်သွင်းသည့်နိုင်ငံများမှာ နယ်သာလန်၊ စပိန်၊ ဗြိတိန်၊ အီတလီ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် ပြင်သစ်နိုင်ငံတို့ဖြစ် ကြပါသည်။ နယ်သာလန်နိုင်ငံသည် အများဆုံး တင်သွင်းသူဖြစ်ပြီး ၂၀၁၇ခုနှစ်တွင် ဥရောပနှင့် ဥရောပပြင်ပနိုင်ငံများထံမှ နာနတ်သီးတန်ချိန် (၂၈၄,၀၀၀) ကို တင်သွင်းခဲ့ပါသည်။ စပိန်၊ ဗြိတိန်နှင့် အီတလီနိုင်ငံများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် နာနတ်သီးတန်ချိန် (၁၆၀,၀၀၀)ကျော်ကို တင်သွင်းခဲ့ကြကာ ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့က တန်ချိန် (၁၄၀,၀၀၀)ဝန်းကျင်နှင့် ပြင်သစ်နိုင်ငံက တန်ချိန်(၁၂၀,၀၀၀)ဝန်းကျင် တင်သွင်းခဲ့သည်ကို စာရင်းဇယားများအရ သိရှိရပါသည်။

၁၇။ အခြားသစ်သီးဝလံများနှင့် မတူသည့်အချက်မှာ အီးယူ၏ နာနတ်သီးအဓိက တင်သွင်းသည့် ဂျာမနီ၊ စပိန်၊ ဗြိတိန်၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့မှာ နာနတ်သီးထွက်ရှိရာ နိုင်ငံများမှ တိုက်ရိုက် တင်သွင်းလေ့ရှိကြပါသည်။ သို့သော် နယ်သာလန်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် အီးယူ၏ နာနတ်သီးတင်သွင်းမှုတွင် ထောက်ပံ့ပို့ဆောင်ရေးဗဟိုချက် (Logistic hub) အဖြစ် အရေးပါလျက်ရှိကြောင်းလည်း သိရှိရပါသည်။

**အီးယူသို့နာနတ်သီးတင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ**

၁၈။ အခြားသစ်သီးဝလံများနည်းတူ ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု ထိန်းချုပ်ရေးနှင့် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်တို့သည် အီးယူသို့နာနတ်သီးတင်ပို့မှုအတွက် အဓိကလိုက်နာရမည့် အချက်များဖြစ်ပါသည်။ နာနတ်သီးအတွက် သတ်မှတ်ထားသည့် Maximum Residue Levels-MRLs များကို https:ec.europa.eu/food/plant/pesticides/eu- pesticides-database/public/?event=product.resultat&language=EN&selectedID=81 တွင် အသေးစိတ် ဖော်ပြထား

သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အလားတူ အထက်တွင်ဖော်ပြခဲ့သည့် ဥရောပသမဂ္ဂ၏ Phyto-sanityary Regulation များကိုလည်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း သိရှိရပါသည်။

**အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်များ**

၁၉။ အီးယူသို့တင်ပို့မည့် နာနတ်သီးများကို အရည်အသွေး၊ အရွယ်အစားနှင့် ထုတ်ပိုးမှုဆိုင်ရာ စံချိန်စံညွှန်းအသေးစိတ် အချက်အလက်များကို https://www.unece.org/fileadmin/DAM/trade/agr/standard/fresh/FFV-Std/English/49Pineapples.pdf တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ နာနတ်သီးကို အရွယ်အစားခွဲခြားရာတွင် အလေးချိန်နှင့် size code တို့ဖြင့် ခွဲခြားခြင်းဖြစ်ပြီး၊ size A (၂၇၅၀ ဂရမ်) မှ size H (၈၀၀ ဂရမ်)အထိ အရွယ်အစား သတ်မှတ်ကြောင်း သိရှိရပါသည်။ အရွယ်အစားသေးငယ်သည့် နာနတ်သီးမျိုးကွဲများမှအပ ပုံမှန်နာနတ်သီးများအတွက် အနည်းဆုံး အလေးချိန်သတ်မှတ်ချက်မှာ(၇၀၀)ဂရမ် သတ်မှတ်ထားကြောင်းသိရှိရပြီး၊ နာနတ်သီးအတွက် စံချိန်စံညွှန်းသတ်မှတ်ချက်များကို Codex Alimentarius Standardအား ကိုးကား၍ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**အီးယူ၏ ကျွဲကောသီးအပါအဝင် ဂရိတ်ဖရုတင်သွင်းမှုအခြေအနေ**

၂၀။ အီးယူ၏ စာရင်းဇယားများတွင် ဖော်ပြထားမှုအရ ကျွဲကောသီး (Pomelo)အား citrus varieties အသီးမျိုးနွယ်ဝင် ဂရိတ်ဖရုအောက်တွင် အကျုံးဝင်သဖြင့် ဂရိတ်ဖရုတင်သွင်းမှုကို လေ့လာတင်ပြခြင်းဖြစ်ပါသည်။ အခြားသော citrus varieties အမျိုးအစားများဖြစ်သည့် လိမ္မော်သီး၊ သံပုရာသီး၊ သံပယိုသီးစသည့် သစ်သီးဝလံများတင်သွင်းမှုနှင့်နှိုင်းယှဉ်ပါက အီးယူ၏ ဂရိတ်ဖရုတင်သွင်းမှုမှာ အနည်းငယ်လျော့နည်းသည်ကို တွေ့ရှိရပြီး၊ Eurostat စာရင်းများအရ ၂၀၁၀ ခုနှစ်မှ ၂၀၁၉ခုနှစ်အတွင်း တန်ချိန် (၃)သိန်းမှ (၄)သိန်းအကြား တင်သွင်းမှုရှိခဲ့ကြောင်း သိရှိရပါသည်။ ဂရိတ်ဖရုသည် အနည်းငယ်ခါးသက်သော အရသာရှိခြင်းကြောင့် အီးယူစားသုံးသူများအကြား လူကြိုက်များသည့် သစ်သီးဝလံမဟုတ်ကြောင်း သစ်သီးဈေးကွက် သုံးသပ်ချက်များအရ သိရှိရပါသည်။

၂၁။ တရုတ်နိုင်ငံမှ ကျွဲကောသီးစိုက်ပျိုးထုတ်လုပ်သည့် ကုမ္ပဏီများသည် အီးယူဈေးကွက်သို့ ကျွဲကောသီး တင်ပို့လျက်ရှိပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အီးယူ၏ ကျွဲကောသီး စားသုံးမှုသည် တိုးတက်မှုရှိခဲ့ကြောင်း freshplaza.com၏ ဖော်ပြချက်အရ လေ့လာသိရှိရပါသည်။ တရုတ်နိုင်ငံတွင် ပျားကျွဲကောသီး(Honey polemo) ကို အီးယူဈေးကွက်သို့ အဓိကထား၍ တင်ပို့လျက်ရှိပြီး၊ နယ်သာလန်နိုင်ငံ၊ ရော့တာဒမ်ဆိပ်ကမ်းမှတစ်ဆင့် တင်ပို့၍ ဥရောပနိုင်ငံသို့ တစ်ဆင့်ပြန်လည် ဖြန့်ဖြူးခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။

**အီးယူသို့ ကျွဲကောသီး (ဂရိတ်ဖရု) တင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ**

၂၂။ ကျွဲကောသီးကဲ့သို့သော Citrus fruit မျိုးနွယ်ဝင်သစ်သီးများ အီးယူသို့ တင်သွင်းရာတွင် အဓိကအားဖြင့် ပိုးသတ်ဆေးဓါတ်ကြွင်းပါဝင်မှု (Pesticide Residue) ထိန်းချုပ်နိုင်ရန်နှင့် အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကျွဲကောသီးတင်ပို့ရာတွင်သတိပြုရမည့် Maximum Residue Levels-MRLs သတ်မှတ်ချက်များကို ကျွဲကောသီး

အပါအဝင်ဖြစ်သည့် Grapefruit ကုန်စည်အောက်တွင် ဖော်ပြထားပြီး၊ အသေးစိတ်ကို https://ec.europa.eu/food/plant/pesticides/eu-pesticides-database/public/?event=product.Resultat&language=EN&selectedID=3 တွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

**အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာလိုအပ်ချက်များ**

၂၃။ Citrus fruit မျိုးနွယ်ဝင်သစ်သီးများ အီးယူသို့တင်သွင်းရာတွင် အပင်ကျန်းမာရေးဆိုင်ရာထောက်ခံချက် (phytosanitary certificate) လိုအပ်ပါသည်။ အပင်ကျန်းမာရေးအတွက် အသေးစိတ်လိုအပ်ချက်များကို အီးယူ၏ Council Directive 2000/29/EC အား ကိုးကားအသုံးပြု၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ Citrus fruit အတွက် အနည်းဆုံးရှိရမည့် ရင့်မှည့်မှုလိုအပ်ချက်၊ အရွယ်အစား၊ ထုပ်ပိုးမှုနှင့် အရည်အသွေးဆိုင်ရာ သီးခြားဈေးကွက် စံချိန်စံညွှန်းများကို အီးယူမှ EU Regulation No 543/2011 ဖြင့် သတ်မှတ်ထားသည့် ယေဘုယျ စံချိန်စံညွှန်းများကို ကိုးကား၍ဖြစ်စေ၊ UNECE standards များကိုဖြစ်စေ ရွေးချယ်၍အသုံးပြုနိုင်ကြောင်း https://www.unece.org/fileadmin/DAM/trade/agr/standard/standard/fresh/ffv-Std/English/14CitruFruit.pdf တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရှိရပါသည်။

**အီးယူ၏ လက်ဖက်ခြောက်တင်သွင်းမှုအခြေအနေ**

၂၄။ အီးယူတွင် လက်ဖက်ခြောက်သုံးစွဲမှုများပြားသည့်နိုင်ငံများမှာ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံတို့ဖြစ်ကြပါသည်။ နယ်သာလန်နိုင်ငံ CBI ၏ လေ့လာမှုများအရ ၂၀၁၅ခုနှစ်တွင် အီးယူ၏ လက်ဖက်ခြောက်သုံးစွဲမှု (Tea Consumption)မှာ တန်ချိန်(၂၂၉,၀၀၀)ရှိခဲ့ပြီး၊ ကမ္ဘာ့သုံးစွဲမှု၏(၄.၆)ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရှိရပါသည်။ ဥရောပမြောက်ပိုင်းနှင့် အနောက်ဥရောပဒေသတို့သည် လက်ဖက်ခြောက်အတွက် အဓိကဈေးကွက်များဖြစ်ကြပြီး၊ ဗြိတိန်နိုင်ငံသည် ယင်း၏ လက်ဖက်ရည်သောက်သုံးမှု ဓလေ့ထွန်းကားမှုနှင့်အတူ လက်ရှိတွင် ဥရောပ၏ လက်ဖက်ခြောက် အများဆုံးသုံးစွဲသည့်နိုင်ငံအဖြစ် ရပ်တည်နေကာ ၂၀၁၅ ခုနှစ်တွင် တန်ချိန်(၁) သိန်းကျော်သုံးစွဲမှုရှိခဲ့ပါသည်။

၂၅။ အီးယူစားသုံးသူများသည် အနံ့နှင့်အရသာ ထူးခြားသည့် အရည်အသွေးမြင့် Speciality Tea လက်ဖက်ခြောက်အမျိုးအစားများကို ပိုမိုသုံးစွဲလာကြသော်လည်း ယင်းအမျိုးအစားများ အတွက် ဈေးကွက်မှာမူ များစွာကျယ်ပြန့်မှု မရှိသေးကြောင်းနှင့် ဥရောပဈေးကွက်တစ်ခုလုံး၏ (၅) ရာခိုင်နှုန်းခန့်သာရှိကြောင်းလည်း သိရှိရပါသည်။ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများရှိခြင်းကြောင့် အီးယူဈေးကွက်တွင် Green Tea နှင့် Herbal/ Fruit Tea များကို ပိုမိုလူကြိုက်များလာပြီး Black Tea သောက်သုံးမှု အနည်းငယ်လျော့ကျလာသည့် အနေအထားရှိပါသည်။

၂၆။ ဥရောပဒေသသည် လက်ဖက်စိုက်ပျိုးထွက်ရှိမှု မရှိသလောက်နည်းပါးသဖြင့် ပြည်ပမှတင်သွင်းမှုကို အဓိကမှီခိုနေရပါသည်။ စာရင်းဇယားများအရ ဥရောပသမဂ္ဂ၏ လက်ဖက်ခြောက်တင်သွင်းမှုမှာ ၂၀၁၅ ခုနှစ်တွင် တန်ချိန်(၃၄၂,၀၀၀)ရှိခဲ့ပြီး၊ ဗြိတိန်နိုင်ငံမှ တင်သွင်းမှုတန်ချိန်(၁၃၃,၀၀၀)ရှိခဲ့ကြောင်း သိရှိရပါသည်။ ဗြိတိန်နိုင်ငံသည် အီးယူ၏ လက်ဖက်ခြောက်တင်သွင်းမှု

အားလုံး၏ (၃၉)ရာခိုင်နှုန်းကို တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ လက်ဖက်ခြောက် အဓိကတင်သွင်းသည့် အခြားဥရောပနိုင်ငံများမှာ ဂျာမနီ၊ ပိုလန်၊ နယ်သာလန်၊ ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ဖြစ်ကြပါသည်။ ဂျာမနီနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ်လက်ဖက်ခြောက်တန်ချိန် (၅)သောင်းကျော်တင်သွင်းမှုရှိပြီး၊ ပိုလန်နိုင်ငံသည် နှစ်စဉ်တင်ပို့မှုတန်ချိန် (၃)သောင်းမှ (၄)သောင်းဝန်းကျင်၊ နယ်သာလန်နိုင်ငံသည် နှစ်စဉ်တန်ချိန် (၂) သောင်းကျော် စသည်ဖြင့် အသီးသီးတင်သွင်းမှုရှိခဲ့သည်ကို တွေ့ရပါသည်။ အီးယူသို့ လက်ဖက်ခြောက်အဓိက တင်ပို့သည့် နိုင်ငံများမှာ ကင်ညာ၊ အိန္ဒိယ၊ တရုတ်နှင့် သီရိလင်္ကာနိုင်ငံများဖြစ်ပါသည်။

**အီးယူသို့ လက်ဖက်ခြောက်တင်သွင်းရာတွင် လိုက်နာရန်လိုအပ်ချက်များ**

၂၇။ အီးယူသို့ လက်ဖက်ခြောက်တင်သွင်းမှုအတွက် အဓိကလိုက်နာရသည့် အချက်များမှာ စားသောက်ကုန်များ ဘေးကင်းလုံခြုံမှု (food safety)၊ နောက်ကြောင်း ပြန်ခြေရာခံနိုင်မှု (traceability)၊ သန့်ရှင်းမှု (hygene) နှင့် ထိန်းချုပ်မှု(control) တို့ဖြစ်ပါသည်။ အများဆုံးတွေ့ရသည့်အချက်မှာ ဓါတ်ကြွင်းပါဝင်မှုကန့်သတ်ချက် (Maximum Residue Levels-MRLs)နှင့် ကိုက်ညီရန်လိုအပ်မှုဖြစ်ပါသည်။ လက်ဖက်ခြောက်အပါအဝင် စားသောက်ကုန်များအတွက် anthraquinone MRLs သတ်မှတ်ချက် (0.02 mg/kg) နှင့်ပတ်သက်၍ သတိပြုရန်လိုအပ်ကြောင်း သိရပါသည်။ လက်ဖက်ခြောက်အတွက် MRLsသတ်မှတ်ချက်ကို https://ec.europa.eu/food/plant/ pesticides/eu-pesticides-database/public/?event=product.resultat&language=EN&selectedID=243 တွင် အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ပြီး၊ လက်ဖက်အစိုကို အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း စသည့် လုပ်ငန်းစဉ်တို့မှ တစ်ဆင့်လည်း Contamination ဖြစ်ပေါ်နိုင်သဖြင့် သတိပြုရန်လိုအပ်မည်ဖြစ်ပါကြောင်းသိရှိရပါသည်။

**အရည်အသွေးစံချိန်စံညွှန်းဆိုင်ရာ လိုအပ်ချက်များ**

၂၈။ ကြိုတင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်ကဲ့သို့သော စားသောက်ကုန်များ အတွက် ဥရောပသမဂ္ဂမှ တံဆိပ်ကပ်ခြင်း (labeling) ဆိုင်ရာ တင်းကြပ်သည့် သတ်မှတ်ချက်များကို ချမှတ်ထားပါသည်။ ယင်းသို့တံဆိပ်ကပ်ဖော်ပြရာတွင် ပါဝင်ပစ္စည်းစာရင်း၊ အသားတင်အလေးချိန် ပမာဏ၊ ဓါတ်မတည့်မှုဖြစ်နိုင်ချေစသည့် စားသုံးသူအတွက် သတင်းအချက်အလက်များကို ဖော်ပြရန်လိုအပ်ပါသည်။ ထို့အပြင် စားသုံးကုန်လုပ်ငန်းများတွင် လက်ဖက်ခြောက်ကဲ့သို့သော ထုတ်ကုန်များ၊ အထူးသဖြင့် အော်ဂဲနစ်ထုတ်ကုန်များအတွက် Corporate social responsibility (CSR) နှင့် Sustainability ဆိုင်ရာ အသိအမှတ်ပြု ထောက်ခံချက်များ တွင်ကျယ်လာသဖြင့် အီးယူသို့ လက်ဖက်ခြောက် တင်ပို့ရာတွင် ဥပမာအားဖြင့် Rainforest Alliance နှင့် Fairtrade စသည့် Sustainability Standards များသည်လည်း အရေးကြီးမည်ဖြစ်ပါကြောင်းသိရှိရပါသည်။

**နိဂုံး**

၂၉။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအထိ စာရင်းများအရ အီးယူသည် လူဦးရေသန်း (၅၀၀)ကျော်ရှိသည့်ကြီးမားသော ဈေးကွက်ဖြစ်ခြင်း၊ အီးယူ၏ စားသုံးသူများသည် လတ်ဆတ်သစ်သီးဝလံများကဲ့သို့သော healthy foodsများကို ပိုမိုရွေးချယ် စားသုံးလာကြခြင်း၊ သစ်သီးဝလံများကို ပြည်ပ

မှ တင်သွင်းရန်လိုအပ်ချက်ရှိနေခြင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံဈေးကွက်များမှ တင်သွင်းမှုတိုးတက်လာခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံကဲ့သို့သော သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် ဈေးကွက်ရှာဖွေတင်ပို့နိုင်မည့် အလားအလာများရှိနေပါသည်။ သစ်သီးဝလံတင်ပို့မှုအတွက် နယ်သာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သည် အဓိကဈေးကွက်များဖြစ်လာနိုင်ပြီး၊ Green Tea တင်ပို့မှုအတွက် ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည် အရေးပါသည့်ဈေးကွက်များဖြစ်ပါသည်။ အီးယူ၏ ပိုးသတ်ဆေးဓါတ်ကြွင်း ပါဝင်မှုဆိုင်ရာ သတ်မှတ်ချက်များ၊ အပင်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ၊ အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက မြန်မာနိုင်ငံရှိ သစ်သီးဝလံစိုက်ပျိုး ထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ဖန်တီးပေးနိုင်ပြီး၊ မြန်မာ့ပို့ကုန်ကဏ္ဍတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်သိရှိရပါသည်။